# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၂၁) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
## (၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်** ၊ ၁၀ း ၀၀ ။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၂၁) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၇.၂၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်းဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ ၂၅-၄-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၂ ဦးရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေးသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၅-၄-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၂) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ်သည် နေမကောင်းပါသဖြင့် ၂၅-၄-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း အသီးသီးတင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**တကောင်းမြို့ဘက်သို့သွားသောဂိတ်အား မိုးကုတ်သွားသောလမ်းအဝသို့ ရွှေ့ပြောင်းပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်အား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကျန်းမာဂတိ ချမ်းသာစွာရှိပြီးတော့ နိုင်ငံတော်အကျိုး၊ ပြည်သူများရဲ့အကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးခွန်းတစ်ခုမေးလိုပါတယ်။ အဲ့ဒါကတော့ “ မြန်မာအစ တကောင်းက ” ဟူ၍ လူတိုင်းသိနေတဲ့ ရှေးဟောင်းတကောင်းမြို့ဟောင်းကြီးဟာ ငါးကြင်းမီးခုံမြို့ရိုး အနော်ရထာမင်းကြီးရဲ့ ၄၃ မြို့ရိုးထဲမှာ တစ်မြို့အပါအဝင်ဖြစ်တဲ့ တကောင်းမြို့ရိုး အဲ့ဒီမြို့ရိုးနှစ်ခုကို ပတ်ထားတဲ့ မြို့ရိုးကြီးရှိပါတယ်။ အဲ့ဒါအပြင် တစ်နေရာထဲမှာ ပျူအထိမ်းအမှတ်တွေ ပါတဲ့ ပျူအိုး ၆၁ လုံးလည်းရှိပါတယ်။ နောက် ရှေးဟောင်းစေတီပုထိုးများနှင့် အုတ်အုန်းမောင်းဟာလည်း ၆၀ ကျော်ရှိပါတယ်။ နောက်တစ်ခုက ရှေးဟောင်းသုတေသနဌာနမှာ ငွေကုန်ကြေးကျ မြောက်မြားစွာခံပြီး ရှေးဟောင်းပြတိုက်ကြီးတစ်ခု တည်ဆောက်ထားတာ လေ့လာစရာတွေ အများကြီး ရှိပါတယ်။ အဲ့ဒီတော့ ဒါတင်မကဘူး။ ကျွန်တော်တို့ ဥတ္တရယာဉ်စွန်းတန်းဟာလည်း တကောင်းမြို့ကို ဖြတ်သန်းသွားပါတယ်။ အဲ့ဒါကြောင့် ကမ္ဘာလှည့်ခရီးသည်များက စိတ်ဝင်စားကြပါတယ်။ သွားရောက် လေ့လာလိုကြပါတယ်။ ဒါပေမယ့် မိုးကုတ်ကိုသွားဖို့ နိုင်ငံခြားသားများကို ခွင့်မပြုပါဘူး။ တားမြစ်ထားတဲ့ဂိတ်တစ်ခုရှိပါတယ်။ အဲ့ဒီဂိတ်က ကျွန်တော်တို့ Yပုံ မြန်မာလိုဆိုရင် လောက်လေးခွပုံ အရင်းမှာ ပိတ်ထားတဲ့အတွက် နိုင်ငံခြားသားများ Package Tour တွေ၊ FID တွေသွားဖို့ အခက်အခဲ ရှိပါတယ်။ အဲ့ဒါကြောင့် အဲ့ဒီဂိတ်ကလေးကို ပေ ၁၀၀ လောက်ပဲဝေးတဲ့နေရာပေါ့။ အဲ့ဒီနေရာက မိုးကုတ်ဘက်ကို မသွားစေချင်တာပေါ့။ မိုးကုတ်ဘက်သွားမယ့်နေရာ အဝလေးမှာ ဂိတ်ကိုရွှေ့ပေးဖို့ ပေ ၁၀၀ ပဲကွာပါတယ်။ အဲဒါလေးကို ကျွန်တော် မေးခွန်းမေးလိုတာကတော့ အဆိုပါဂိတ်အား လက်ရှိနေရာမှ ပေ ၁၀၀ ခန့်ဝေးသော မိုးကုတ်သွားလမ်းဘေးအဝတွင် ရွှေပြောင်းပေးနိုင်ခြင်းရှိ၊မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ရွှေပြောင်းပေးနိုင်ပါမည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း

ပဏာမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်မှ ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တကောင်းမြို့ဟောင်းသည် မန္တလေးမြို့နှင့် ကားလမ်းမိုင် ၁၂၃ မိုင် ၅ ဖာလုံခန့်၊ ရေလမ်းခရီး ၁၂၅ မိုင်ခန့်အကွာ မန္တလေး-ဗန်းမော်ကားလမ်းဘေး၌တည်ရှိပါတယ်။ မန္တလေးမြို့မှ တကောင်းသို့ မော်တော်ယာဉ်ဖြင့်သွားပါက စဉ့်ကူးမြို့နယ်၊ ရွှေဘိုမြို့နယ် ကျောက်မြောင်းကျေးရွာ၊ သပိတ်ကျင်းမြို့နယ် ကြာညှပ်ရွာများကို ဖြတ်သန်းသွားရပါတယ်။ မန္တလေးမြို့နယ်မှ သပိတ်ကျင်းမြို့အထိ ကားလမ်း ၁၂၃ မိုင် ၅ ဖာလုံအနက် ကတ္တရာလမ်း ၈၇ မိုင် ၃ ဖာလုံဖြစ်ပြီး ကျောက်ကြမ်းလမ်းမှာ ၃၆ မိုင် ၂ ဖာလုံဖြစ်ပါတယ်။ ယာဉ်သွားလာမှုနည်းပါးသောလမ်းဖြစ်ပါတယ်။ မန္တလေးမှ သပိတ်ကျင်းမြို့နယ် ဖော့တော့ကျေးရွာခန့်မှန်းမြေပုံညွှန်း KF-040319 ရှိ ဖော့တော့ဂိတ်သို့ ၇၅ မိုင် ၅ ဖာလုံ ကွာဝေးပြီး ဖော့တော့ကျေးရွာမှတစ်ဆင့် တကောင်းသို့လည်းကောင်း၊ မိုးကုတ်သို့လည်းကောင်း လမ်းခွဲ၍သွားရပါတယ်။ အဆိုပါ ဖော့တော့နယ်မြေလုံခြုံရေးဂိတ်သည် လုံခြုံရေးလိုအပ်ချက်အရ Y ပုံသဏ္ဍာန်၏ လမ်းဆုံဖြစ်သဖြင့် အချက်အချာကျသောနေရာကို ရွေးချယ်တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ ထိုနေရာသည် တကောင်းမြို့ဘက်သွားသောလမ်းနှင့် မိုးကုတ်ဘက်သွားသောလမ်းအား ကောင်းစွာထိန်းသိမ်းနိုင်သည့် အနေအထားတွင် ရှိပါတယ်။ မိုးကုတ်ဒေသသည် ရတနာနယ်မြေဖြစ်သောကြောင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၀-၄-၁၉၉၆ ရက်စွဲဖြင့် ထုတ်ပြန်ထားသော နိုင်ငံခြားသားများ သွားလာရန်ကန့်သတ်ထားသည့် နယ်မြေဒေသ တစ်ခု ဖြစ်ပါတယ်။ မိုးကုတ်ဒေသသို့ သွားရောက်လိုပါက မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမီတက်နှင့် ဆက်သွယ်၍လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစီအစဉ်ဖြင့် လည်းကောင်း၊ အခြားသောဆက်စပ်ပတ်သက်သည့် ဝန်ကြီးဌာနအစီအစဉ်ဖြင့်လည်းကောင်း ကြိုတင်ခွင့်ပြုချက်ရယူပြီး ခွင့်ပြုချက်ဖြင့်သွားလာခွင့်ရှိပါတယ်။ မိုးကုတ်ဒေသဆိုရာတွင် မတ္တရာအထက်ပိုင်း၊ သပိတ်ကျင်းမြို့နယ်(တကောင်းဒေသ)အပါအဝင်နှင့် မိုးကုတ်မြို့နယ်များပါဝင်ပါတယ်။

ဖော့တော့နယ်မြေလုံခြုံရေးဂိတ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၀-၄-၁၉၉၆ ရက်နေ့ ညွှန်ကြားချက်များထုတ်ပြန်ပြီးနောက်မှစ၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှဝန်ထမ်း ၂ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဝန်ထမ်း ၂ ဦး၊ ပေါင်း ၄ ဦးပါပူးပေါင်းအဖွဲ့ဖြင့် လုံခြုံရေးတာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ဖော့တော့ဂိတ်သို့ဖြတ်သန်းဝင်ရောက်လာသော နိုင်ငံခြားသားများအား

ကန့်သတ်နယ်မြေသို့ မသွားရောက်စေရန်အတွက် စနစ်တကျစိစစ်မှုပြုခဲ့ရာ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ပါရှိသူများအား ၁-၁-၂၀၁၁ ရက်နေ့မှ ၂၉-၂-၂၀၁၂ ရက်နေ့အတွင်း မန္တလေးမြို့မှ မိုးကုတ်မြို့သို့ ၁၀၅၀ ဦး၊ မိုးကုတ်မြို့မှ မန္တလေးမြို့သို့ ၂၁၆၄ ဦးအား ဝင်/ထွက်မှုပြုခဲ့ ပေးပြီးဖြစ်ပါတယ်။ သို့ဖြစ်၍ ဖော့တော့စစ်ဆေးရေးဂိတ်သည် ဝင်လာသမျှလူအားလုံးကို တားမြစ် သောဂိတ်မဟုတ်ဘဲ ပြည်ထဲရေးဝန်ကြီးဌာန၏ တည်ဆဲကန့်သတ်နယ်မြေအမိန့်နှင့်အညီ တားမြစ်ထား သောနယ်မြေဧရိယာများသို့ သက်ဆိုင်ရာ၏ခွင့်ပြုချက်ဖြင့်သွားလာခြင်း ဟုတ်၊ မဟုတ်ကို ဖော့တော့ဂိတ် တာဝန်ကျဌာနစုံပူးပေါင်းအဖွဲ့ဝန်ထမ်းများမှစစ်ဆေးပြီး ခွင့်ပြုချက်ရှိပါက သွားလာခွင့်ပြုသည့်ဂိတ် ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင်လည်း ဖော့တော့စစ်ဆေးရေးဂိတ်မှ သပိတ်ကျင်းမြို့နယ်သို့ လည်းကောင်း၊ မိုးကုတ်မြို့နယ်သို့လည်းကောင်း၊ ကြိုတင်ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသားများကို စိစစ် ခွင့်ပြုပေးလျက်ရှိရာ အခက်အခဲတစ်စုံတစ်ရာမရှိကြောင်းသိရပါတယ်။ တိုင်းဒေသကြီးသို့ သဘောထား မှတ်ချက်တောင်းခံခဲ့ရာ လက်ရှိအတိုင်းအဆင်ပြေလျက်ရှိကြောင်း သဘောထားမှတ်ချက်ပေးခဲ့ပါတယ်။ လက်ရှိနေရာမှ ပေ ၁၀၀ ခန့်ဝေးသော မိုးကုတ်သွားလမ်းအဝသို့ပြောင်းရွှေ့ရန် လောလောဆယ် အစီအစဉ်မရှိသေးပါ။ သို့ရာတွင် တင်ပြချက်အား အလေးထားသောအားဖြင့် တကောင်းမြို့ဟောင်း အပေါ်စိတ်ဝင်စားမှု၊ တကောင်းပြုပြင်ပြီးစီးမှုစသည့် အခြေအနေများအပေါ်မူတည်၍ သင့်လျော်သည့် အချိန်၌ ဂိတ်နေရာပြောင်းရွှေ့ရေးကို ပြန်လည်စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ပုဒ်မ ၃၅၉ ပါပြဋ္ဌာန်းချက်အား ဝန်ကြီးဌာနအသီးသီးမှ မည်ကဲ့သို့လိုက်နာဆောင်ရွက်မည်နှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ကျွန်တော် စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကနေ့ မေးခွန်းတစ်ခုကိုမေးလိုပါတယ်။ ကျွန်တော်မေးလိုတာကတော့ အခမဲ့ စေခိုင်းခြင်းဆိုင်ရာပုဒ်မ ၃၅၉ နှင့်စပ်လျဉ်း၍မေးမြန်းခြင်းဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်သည် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း ဆင်းရဲ မွဲတေမှုလျော့ပါးရေးကိစ္စတို့ကို အလေးထားဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ ထိုသို့ ဒီမိုကရေစီခေတ်

သို့ကူးပြောင်းနေချိန်တွင် နိုင်ငံသားတို့ အခွင့်အရေးနဲ့ လူနေမှုဘဝတိုးတက်စေရေးတို့အတွက် အခကြေးငွေပေးစေခိုင်းခြင်းဖြင့် လုပ်ခဝင်ငွေရရှိစေပြီး အလုပ်လက်မဲ့လျှော့ချရေးတို့ကိုပါ တစ်ပါတည်း ဖြည့်ဆည်းပေးရာရောက်မည် ဖြစ်ပါတယ်။ ထို့ကြောင့် အခြေခံဥပဒေပုဒ်မ ၃၅၉ အရ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူ အကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနဲ့အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်း ခြင်းကို တားမြစ်သည်ဟု ပြဋ္ဌာန်းထားရှိပါသည်။ သို့ပါ၍ ဤကဲ့သို့ ဥပဒေကျူးလွန်၍ အပြစ်ဒဏ် ပေးခြင်းခံနေရသူများအပေါ်၌ပင် အဓမ္မစေခိုင်းခြင်းကို ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်ဟု ပြဋ္ဌာန်းထားရှိပေးထားပါတယ်။ သို့ဖြစ်ပါ၍ ဤဒီမိုကရေစီ ခေတ်တွင် လူ့သိက္ခာ၊ လူ့တန်ဖိုးအရ လုပ်အားပေးစနစ်ဖြင့် လူမှုလုပ်အားတို့ကို အခမဲ့ရယူသုံးစွဲခြင်း မျိုးမရှိအပ်တော့ပါ။ သို့ပါ၍ အခြေခံဥပဒေပုဒ်မ ၃၅၉ ပါ အများပြည်သူအကျိုးအတွက် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မခိုင်းစေခြင်းကိုတားမြစ်သည်ဟုပါရှိသည့်အတိုင်း ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်များအား ဝန်ကြီးဌာနအသီးသီးမှ မည်ကဲ့သို့လိုက်နာဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးခွန်းတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၏ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြလိုပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၉ တွင် နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မခိုင်းစေခြင်းကိုတားမြစ်သည်ဟု ပါရှိပါတယ်။ အဓမ္မခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် ၂၉ ၏အပိုဒ် ၂ (၁) တွင် အဓမ္မခိုင်းစေမှုဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှမဆို ကာယကံရှင်၏ ဆန္ဒအလျောက်ကမ်းလှမ်းခြင်း မဟုတ်ဘဲ

အကျိုးစီးပွားထိခိုက်ဆုံးရှုံးစေမည်ဟု ခြိမ်းခြောက်၍ ထိုသူ၏လုပ်အားကို အတင်းအကျပ် ရယူသော အလုပ် သို့မဟုတ် ဝန်ဆောင်မှုအားလုံး အကျုံးဝင်ပါကြောင်း ဖော်ပြထားပါတယ်။ သို့ရာ တွင် ပြဋ္ဌာန်းချက်၏ အပိုဒ် ၂(၂) တွင် အောက်ဖော်ပြပါကိစ္စရပ်များသည် အဓမ္မခိုင်းစေမှု အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် အကျုံးမဝင်စေရပါဟု ဖော်ပြထားပါတယ်။ စစ်မှုမထမ်းမနေရဥပဒေများအရ စစ်မှုရေးရာနှင့်သာ သီးခြားသက်ဆိုင်သော အလုပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းစသည်များ၊ တရားဥပဒေအရ ပြစ်ဒဏ်ကျခံရသည့် မည်သည့်ပုဂ္ဂိုလ်ထံမှမဆို မည်သည့်အလုပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းမဆိုထမ်းဆောင်ရန် လုပ်အားရယူခြင်း၊ ထိုသို့လုပ်အားရယူရာတွင် ပြည်သူ့ အာဏာပိုင်၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်သာ တာဝန်ထမ်းဆောင်စေပြီး ပြင်ပပုဂ္ဂိုလ်တစ်စုံ တစ်ယောက်ထံသို့လည်းကောင်း၊ ကုမ္ပဏီများထံသို့လည်းကောင်း၊ အဖွဲ့အစည်းများထံသို့လည်း ကောင်း ငှားရမ်းလုပ်ကိုင်မှုမပြုရခြင်း၊ ပြည်သူလူထု တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံး၏ နေထိုင်မှု ဘဝ သို့မဟုတ် ဘဝရပ်တည်မှုကို အန္တရာယ်ဖြစ်စေသည့် စစ်ဖြစ်ပွားနေစဉ်ကာလ၌သော်လည်းကောင်း၊ မီးဘေး၊ ရေဘေး၊ အငတ်ဘေး၊ ငလျင်ဘေး၊ ကူးစက်ရောဂါဘေး၊ တိရစ္ဆာန်နှင့် ပိုးမွှားသတ္တဝါများ နှောင့်ယှက်ဖျက်ဆီးမှုဘေးစသည့် ဘေးဒုက္ခဆိုက်ရောက်သော အရေးပေါ်အခြေအနေ၌လည်းကောင်း ကူညီဆောင်ရွက်ပေးရသည့် မည်သည့်အလုပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းမဆိုထမ်းဆောင်ခြင်း လူမှုအဖွဲ့အစည်း၏ တိုက်ရိုက်အကျိုးစီးပွားအတွက် အဆိုပါလူမှုအဖွဲ့အစည်းဝင်များက ထမ်းဆောင် လျက်ရှိသည့် သာမန်နိုင်ငံသားတစ်ဦး၏တာဝန်များအဖြစ်မှတ်ယူနိုင်သည့် လူမှုအဖွဲ့အစည်းဆိုင်ရာ သေးငယ်သောလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊ ထိုလုပ်ငန်းများ၏ လိုအပ်ချက်နှင့်ပတ်သက်၍ လူမှုအဖွဲ့အစည်းဝင်များ သို့မဟုတ် ၎င်းတို့၏ တိုက်ရိုက်ကိုယ်စားလှယ်များသည် ညှိနှိုင်းတိုင်ပင် ဆွေးနွေးတိုင်ပင်ခွင့်ရှိခြင်းတို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာ့အရပ်ရပ်တွင် ဖြစ်ပွားလျက်ရှိသော သဘာဝဘေးအန္တရာယ် များကိုလေ့လာ၍ သဘာဝဘေးအန္တရာယ်ဟူသောစကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုကြည့်ပါလျှင် သဘာဝ အလျောက်ဖြစ်စေ၊ လူတို့၏ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း၊ ပင်လယ်ရေကြောင်းအန္တရာယ်ဖြစ်ပေါ်ခြင်း၊ ပိုးမွှားတိရစ္ဆာန်များကြောင့် စိုက်ပျိုးခင်းများ ပျက်စီးခြင်း၊ ငတ်မွတ်ခေါင်းပါးမှုဖြစ်ခြင်း၊ လူ သို့မဟုတ် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်း၊ အကြမ်းဖက်

ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်း၊ စက်မှုလုပ်ငန်းကြောင့်ဖြစ်စေ၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ အနုမြူကြောင့်ဖြစ်စေ၊ ရေနံယိုဖိတ်ခြင်းကြောင့်ဖြစ်စေ၊ သဘာဝဓာတ်ငွေ့များ ယိုစိမ့်ခြင်းကြောင့်ဖြစ်စေ အန္တရာယ်ဖြစ်ပေါ်ခြင်းတို့ကြောင့် အများပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာပစ္စည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်များကို ထိခိုက်ပျက်စီးမှုများကို သဘာဝဘေးအန္တရာယ်ဟု ခေါ်ဆိုကြပါတယ်။ အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီတာဝန်ချထားခြင်းဆိုသည်မှာလည်း အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏အကျိုးကိုလတ်တလော ထိခိုက်စေသည့် ဘေးအန္တရာယ်များကျရောက်သဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းတိုင်းသည် ယင်းတို့အတွက်အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းဖြစ်စေရမည့်အပြင် ဒေသခံပြည်သူများအပေါ်ကြီးလေးသော ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အလေးထားဆောင်ရွက်ရန်ဖြစ်ပါတယ်။ ထိုသို့ အရေးပေါ်အခြေအနေအတွက် တာဝန်ချထားရာတွင် အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလကိုသတ်မှတ်ဖော်ပြမှာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ မဖြစ်မနေပါဝင်ဆောင်ရွက်ရန်လိုအပ်သော ကာလသည် အရေးပေါ်အခြေအနေ၏လိုအပ်ချက်ထက် မကျော်လွန်စေရပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မခိုင်းစေခြင်းကိုတားမြစ်သည်ဟု ပါရှိသည့်အတိုင်း ဝန်ကြီးဌာနအသီးသီးမှ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ကျေးလက်ဒေသပညာရေးစနစ်အား အလေးထားဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြသိန်း၊ ဘိုကလေးမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြသိန်း(ဘိုကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းရင်းဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရာမှာ နိုင်ငံသားများ၏ပညာရည်မြင့်မားရေးသည် အထူးအရေးပါသောအကြောင်းအချက်တစ်ရပ်

ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ကျောင်းနေအရွယ်လူငယ်လူရွယ်တိုင်း ပညာသင်ကြားနိုင်ရေး အတွက် အခွင့်အလမ်းများရရှိစေဖို့ မြို့ပြနှင့်ကျေးလက်ဒေသတော်တော်များများမှာ အခြေခံပညာ ကျောင်းများ ဖွင့်လှစ်ပေးထားသဖြင့် ကျေနပ်အားရဖွယ်ဖြစ်ပါတယ်။ ပြည်သူများအနေဖြင့်လည်း မိမိတို့ရင်သွေးသားသမီးများ ပညာတတ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရာမှာ အချို့ကျေးရွာများဆိုလျှင် အစိုးရစာသင်ကျောင်းများမရှိသေးတဲ့အတွက် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများနှင့် ကိုယ်ထူကိုယ်ထကျောင်းများဆောက်လုပ်ပြီး မိမိတို့တတ်နိုင်သလောက် ငွေကြေး အင်အားနှင့် ဆရာ/ဆရာမတစ်ဦး သို့မဟုတ် နှစ်ဦးကိုငှားရမ်းပြီး ခက်ခဲစွာပညာသင်ကြားစေတာ ကိုလည်းတွေ့မြင်နေရပါတယ်။ နိုင်ငံတော်မှ အစိုးရစာသင်ကျောင်းများဖွင့်လှစ်ပြီး ကျေးလက် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးလျက်ရှိသော်လည်း ကျေးရွာအများစုတွင် ဆရာ/ဆရာမ၊ ဝန်ထမ်းများ လုံလောက်စွာခန့်ထားပေးနိုင်ခြင်းမရှိသေးတဲ့အပြင် ခန့်ထားတဲ့ဆရာ/ဆရာမ အချို့မှာ လည်း ကျန်းမာရေး၊ နေထိုင်သွားလာရေးအဆင်မပြေတာကိုအကြောင်းပြုပြီး ကျေးရွာများသို့ပုံမှန် ရောက်မလာဘဲ တာဝန်ပျက်ကွက်ကြခြင်း၊ ဆရာ/ဆရာမအချင်းချင်းနားလည်မှုယူပြီး အလှည့်ကျ စနစ်ဖြင့် ပညာသင်ကြားပေးနေခြင်းများကိုလည်းတွေ့ရှိရတဲ့အတွက် အတန်းစုံကို ဆရာ/ဆရာမ တစ်ယောက်တည်းဖြင့် ဆရာကြီးသိပ္ပံမောင်ဝရဲ့ ဆရာစောကျောင်းကဲ့သို့ သင်ကြားနေတာကိုလည်း တွေ့မြင်နေကြရပါတယ်။ အချို့ကျေးရွာကျောင်းများဆိုလျှင် အရည်အချင်းမပြည့်မီတဲ့ ဒေသခံများကို ငှားရမ်းပြီး မိမိတို့ကိုယ်စားသင်ကြားစေတာကိုလည်း သက်ဆိုင်ရာပညာရေးဌာနများမှာ ကြီးကြပ် ကွပ်ကဲမှုအားနည်းပြီး လစ်လျူရှုနေကြောင်းကို စိတ်ပျက်ဝမ်းနည်းဖွယ်ရာတွေ့မြင်နေကြရပါတယ်။ ထိုအခြေအနေများကြောင့် မြို့ပေါ်ကျောင်းများတွင် ဆရာနှင့် ကျောင်းသားအချိုးမှာ ၁ း ၄၀ ခန့်ရှိ သော်လည်း အချို့ကျေးရွာများတွင် ဆရာနှင့် ကျောင်းသားအချိုးမှာ ၁ း ၉၀ ခန့်ထိရှိနေကြောင်း တွေ့မြင်နေကြရပါတယ်။ ဒါ့အပြင် မြို့နှင့်ဝေးလံတဲ့ ကျေးရွာငယ်အချို့တွင် စာသင်ကျောင်းများ မရှိခြင်းကြောင့် မြစ်ကူးချောင်းဖြားသွားရောက်ပညာသင်ကြားရသဖြင့် အခက်အခဲများစွာနှင့်တွေ့ကြုံ နေရပြီး ကျောင်းသား/ကျောင်းသူများ အသက်ဆုံးရှုံးရတဲ့အထိဖြစ်ရပ်များကိုလည်း တွေ့မြင်နေကြရ ပါတယ်။ အချို့ကျေးရွာအများစုတွင် မူလတန်းပညာသင်ကြားတတ်မြောက်ပြီး အလယ်တန်းပညာ သင်ယူလိုသော ကျောင်းသူ/ကျောင်းသားများအနေဖြင့် ခရီးလမ်းဝေးကွာခြင်း၊ မြို့ပြပညာသင်စရိတ် အတွက် အခက်အခဲရှိခြင်းတို့ကြောင့် တစ်ဆင့်မြင့်ပညာသင်ကြားနိုင်ရေး အခွင့်အလမ်းများဆုံးရှုံး နေရကြောင်းကိုလည်းတွေ့မြင်နေကြရပါတယ်။ သို့အတွက် ကျေးလက်ဒေသများ၏ပညာရေးသည်

မြို့ပြပညာရေးနှင့်နိုင်းယှဉ်လျှင် များစွာနိမ့်ကျနေကြောင်းတွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းနေထိုင်လျက်ရှိတဲ့ ကျေးလက်ဒေသများရဲ့ပညာရေးစနစ် နိမ့်ကျနေမှုဟာ လစ်လျူရှု မထားသင့်ပါ။ သို့ပါ၍ လာမည့်ပညာသင်နှစ်များတွင် ပညာရေးစီမံကိန်းများအား အကောင်အထည် ဖော်ရာတွင် ကျေးလက်ဒေသပညာရေးစနစ်အား အလေးထားဆောင်ရွက်ပေးမည့် အစီအစဉ်များ ရှိ၊ မရှိ ကျေးလက်နေမိဘပြည်သူများကိုယ်စား လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်မှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်းရဲ့ ပညာရေးကဏ္ဍဆိုင်ရာ မေးမြန်း ချက်များနှင့်စပ်လျဉ်းပြီး ကျွန်တော် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ရှင်းလင်း ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ နယ်စပ်ဒေသနှင့် ကျေးလက် ဒေသများမှာ အခြေခံပညာကျောင်းစုစုပေါင်းရဲ့ ၈၉ ရာခိုင်နှုန်း ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ ဆရာ/ဆရာမဦးရေဟာလည်း စုစုပေါင်းရှိတဲ့အင်အားရဲ့ ၆၉ ရာခိုင်နှုန်းကျော် ကျောင်းသားဦးရေက တစ်နိုင်ငံလုံးအတိုင်းအတာရှိတဲ့ဦးရေရဲ့ ၆၇ ရာခိုင်နှုန်း လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ သို့ပါ၍ ကျေးလက်ဒေသကျောင်းများရှိ ပျမ်းမျှ ဆရာ၊ ကျောင်းသားအချိုးမှာ အထက်တန်းအဆင့်မှာ ၁း၂၃၊ အလယ်တန်းအဆင့်မှာ ၁း၃၇၊ မူလတန်းအဆင့်မှာ ၁း၂၆ အသီးသီးရှိပါတယ်ခင်ဗျား။ လက်ရှိအခြေအနေမှာ ဆရာ၊ ကျောင်းသားအချိုးအရလည်းကောင်း၊ ဆရာ၊ စာသင်ခန်းအချိုးအရ လည်းကောင်း၊ အခြေခံပညာကျောင်း တစ်ကျောင်းချင်းအလိုက် ဆရာအင်အားပြည့်ဝစွာဖြင့် လေ့ကျင့် သင်ကြားပေးနိုင်ရေးအတွက် ဆရာပိုနေတဲ့ကျောင်းများက ဆရာလျော့နည်းနေတဲ့ကျောင်းများသို့ ရာထူးနေရာများနှင့်တကွ ပြောင်းရွှေ့သတ်မှတ်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် စိစစ်တွက်ချက် ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ကျောင်းသားဦးရေတိုးတက်မှုအရ ထပ်မံခန့်ထားပေးရန် လိုအပ်တဲ့ ဆရာရာထူးနေရာများကိုလည်း တိုးချဲ့ခန့်ထားခွင့်ရရှိစေရေးအတွက် စိစစ်ဆောင်ရွက် လျက်ရှိပါတယ်။ သို့ပါ၍ အခြေခံပညာကျောင်းများ၏ ဆရာ၊ ကျောင်းသားအချိုးနှင့် ဆရာ၊

စာသင်ခန်းအချိုးတို့အရ သင့်တင့်မျှတစွာခန့်ထားနိုင်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ခုန ကျွန်တော်မေးတဲ့မေးခွန်းမှာ ကျွန်တော်သိချင်တဲ့ကိစ္စကတော့ ဝန်ကြီးဌာနတွေအနေနဲ့ အဓမ္မစေခိုင်းခြင်းနှင့်ပတ်သက်လို့ ပြီးခဲ့တဲ့ ရပ်/ကျေးအုပ်ချုပ်ရေးဥပဒေမှာ အဓမ္မစေခိုင်းတာနဲ့ သတ်မှတ်စေခိုင်းတာနှင့်ပတ်သက်ပြီးတော့ ကျေးရွာအုပ်ချုပ်ရေးမှူးကနေ ထောင်ဒဏ်ချလို့ရတယ်ဘာညာဆိုတာမှာ အဲဒီကိစ္စတွေအတွက် ထင်သာမြင်သာရှိအောင်ဘယ်လို အရေးယူမယ်၊ ဘယ်ကိုတိုင်ရမယ် ဒါမျိုးတွေထိအောင် ကျွန်တော် သိချင်ပါတယ်။ တစ်ဖက်မှာကျတော့ ဝန်ကြီးအနေနဲ့ ဒုတိယဝန်ကြီးက အဓမ္မစေခိုင်းခြင်းဆိုတဲ့ဟာမှာ ဒီတစ်ခုတည်းမဟုတ်ဘဲနဲ့ ကျွန်တော်တို့ စိုက်ပျိုးရေးဒီလိုအပိုင်းတွေမှာ ကိုယ်စိုက်ချင်တဲ့ သီးနှံစိုက်ပျိုးခွင့်မဟုတ်ဘဲနဲ့ ဘယ်လိုစိုက်ရမယ်ဆိုတဲ့အပိုင်းတွေမှာ အဲဒါတွေကရော အဓမ္မစေခိုင်းတဲ့အပိုင်းမှာ အကျုံးဝင်တယ်ဆိုရင်ဘယ်လိုတွေ ဘာတွေဖြစ်မယ်ဆိုတာ ဝန်ကြီးဌာနအသီးသီးအနေနဲ့ ဒီအပိုင်းလေးတွေကို သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း အဖြေပေးနိုင်ပါသလား။ တကယ်လို့ အဖြေပေးဖို့ အသင့်မဖြစ်သေးဘူးဆိုလို့ရှိရင်လည်း ဒီမေးခွန်းမှတ်ပြီးတော့ အဖြေပေးနိုင်မယ့်အချိန်မှာ အဖြေပေးပါ။

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ မှတ်သားပြီး တော့မှပဲပြန်ပြီးတော့၊ ထပ်ပြီးတော့ ပြည့်ပြည့်စုံစုံပြန်ဖြေပေးပါမယ်။

**နိုင်ငံတော်မှဦးဆောင်၍ ပညာရေးနှီးနှောဖလှယ်ပွဲကြီးတစ်ရပ်ကျင်းပနိုင်ရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်မြင့်၊ ပေါင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြား၍ တက်ရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့ပညာရေးစီမံခန့်ခွဲမှု (Good Educational Mangement) သည် အဓိကမောင်းနှင်အားဖြစ်ပေါ်နေတဲ့ ယန္တရားကြီးတစ်ခုဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်ခါမှာ ဖွံ့ဖြိုးပြီး

နိုင်ငံများ၊ ထွန်းသစ်စစက်မှုနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဟာ နိုင်ငံတော်တည်ဆောက်ရေး ရည်မှန်းချက်နဲ့ ပညာရေးတိုးတက်ဖွံ့ဖြိုးအောင် ပြုပြင်ပြောင်းလဲရေး ဆွေးနွေးမှုများကို အစီအမံများနဲ့ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိတာတွေ့ရပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ထဲမှာ ဆိုရင်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံတော်မှာ ဘက်စုံထောင့်စုံ ကျေးလက်ဒေသမြို့ပြမကျန် အားလုံးတိုးတက်ဖွံ့ဖြိုးနိုင်ဖို့အတွက် မိမိတို့သိရှိထားသော ကိစ္စရပ်များတင်ပြနိုင်ဖို့အတွက်ကို ရေးရာ ကော်မတီအသီးသီးကို သင့်တင့်လျောက်ပတ်တဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့ အမြော်အမြင်ကြီးမား တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက ဦးဆောင်ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ လွှတ်တော်ထဲမှာပြန်ကြည့်ရင် ဒီနေ့ နိုင်ငံတော်ရဲ့ ကာကွယ်ရေးတာဝန်များကို တစ်နံတစ်လျား ထမ်းဆောင်ခဲ့တဲ့ တပ်မတော်ခေါင်းဆောင်ကြီးများ၊ နိုင်ငံတော်ရဲ့တာဝန်ကို မိမိတို့တတ်ထားတဲ့ ပညာနဲ့ အသိပညာတွေ၊ အတတ်ပညာတွေ ထမ်းဆောင်ခဲ့တဲ့ပညာရှင်ကြီးများ နောက်ပြီး စီးပွားရေးအတွေ့အကြုံ ရင့်ကျက်တဲ့ စီးပွားရေးပညာရှင်လူငယ်များ ပါဝင်ပါတယ်။ ဒါ့အပြင် အသက်အရွယ်အားဖြင့် ကြီးရင့်ပြီး ဘဝအတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်များလည်း ပြည်သူ့လွှတ်တော်ထဲမှာ အစုံအလင်ရှိပါတယ်။ ဒီလိုရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေကို စုစည်းပြီးတော့မှ ခုနက ကျွန်တော်တင်ပြသလို အမြော်အမြင် ကြီးမားပြီး တည့်မတ်မှန်ကန်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက ဦးဆောင်ပြီး ဖွဲ့စည်းပေးထားတဲ့ ရေးရာကော်မတီတွေဟာ ဒီနေ့ ပြည်သူ့လွှတ်တော်ထဲမှာ တင်သင့်တဲ့ ဥပဒေတွေကို တင်၊ ပြင်သင့်တဲ့ ဥပဒေတွေကို ပြင်၊ အဆိုတင်သွင်းတဲ့ကိစ္စတွေကို အဆို တင်သွင်းပြီး လွှတ်တော်ရဲ့တာဝန်ဖြစ်တဲ့ ဥပဒေပြုရေးတာဝန်ကို တိတိကျကျနဲ့ဆောင်ရွက်နေတာ အရှိန်အဟုန်ရရှိနေပြီဖြစ်ပါတယ်။ ထိုနည်း တူစွာပဲ ကျွန်တော်တို့ နိုင်ငံအနေနဲ့ နိုင်ငံတကာစံနှုန်းများနှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ဖော်ဆောင်နိုင်ဖို့အတွက် အတွေ့အကြုံရှိတဲ့ အသိပညာရှင်များ၊ ဘက်စုံအတတ်ပညာရှင်များ၊ အဖွဲ့အစည်းပေါင်းစုံပါဝင်ပူးပေါင်းပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုများပြုလုပ်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရကဦးဆောင်ပြီးတော့ အမျိုးသားအဆင့် ဘက်စုံပညာရေးနှီးနှောဖလှယ်ပွဲကြီး တစ်ရပ်ကို ကျင်းပပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအတွက် အထူးသင့်တော်မယ်လို့ ထင်မြင် ယူဆပါတယ်။ ဒါကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ နိုင်ငံတော်မှဦးဆောင်၍ ဘက်စုံ ပညာရေးနှီးနှောဖလှယ်ပွဲကြီးတစ်ရပ်ကို ကျင်းပပေးနိုင်ရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ပေါင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ရဲ့ ပညာရေးဆိုင်ရာမေးမြန်းချက် နှင့်စပ်လျဉ်းပြီး ကျွန်တော် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ရှင်းလင်းဖြေကြား တင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၁၉၉၈ ခုနှစ်မှစပြီး ပညာရေးမြှင့်တင်မှု အစီအစဉ်ဆိုင်ရာဆွေးနွေးပွဲများကို နှစ်စဉ်ကျင်းပပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက် ပေးလျက်ရှိပါသည်။ အမျိုးသားပညာရည်မြင့်မားရေးနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၃၀-၂၀၃၁ ပညာသင်နှစ်အထိ ရေးဆွဲချမှတ်ပြီး ကဏ္ဍအလိုက် စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် ပညာရည်စစ်ဆေးတိုင်းတာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရှင်ကြီးများပါဝင်တဲ့ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများကို နှစ်စဉ် ဧပြီလကုန်ပိုင်းတွင် ကျင်းပပေးလျက်ရှိပြီး လာမည့်ပညာသင်နှစ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ အခုတင်ပြချက်ကတော့ ယခင်အစဉ်အဆက် ဆောင်ရွက်ခဲ့တာကို အကျဉ်းတင်ပြခြင်းဖြစ်ပါတယ်။ လောလောဆယ်အနေနဲ့ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနဲ့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ နိုင်ငံတော်အဆင့် ပညာရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးမှုဆိုင်ရာမူဝါဒ ရွေးချယ်ချမှတ်ရေးညီလာခံကို ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီညီလာခံကနေပြီးတော့ နိုင်ငံတကာဆောင်ရွက်မှုအတွေ့အကြုံများနှင့် ပေါင်းစပ် ဆောင်ရွက်နိုင်မည့်အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးဖြစ်ပါတယ်။ ဒီဆွေးနွေးညှိနှိုင်းချက်များ အရ ပညာရေးကဏ္ဍလေ့လာဆန်းစစ်ရေး (Education Center Study) အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့အထိကျင်းပခဲ့ပြီး အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍ အလိုက် လိုအပ်ချက်များ၊ အားနည်းချက်များကို ဖော်ထုတ်ခြင်း၊ လုပ်ငန်းကဏ္ဍအလိုက် ဖြည့်ဆည်း ပေးရမယ့် ကုန်ကျစရိတ်ငွေများကို တွက်ချက်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့်ပေးရန် လိုအပ်ချက်များလျာထားခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ပညာရေးစေတနာရှင်များပူးပေါင်း၍ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ လောလောဆယ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်မှ ယနေ့ ဧပြီလ ၂၅ ရက်နေ့အထိ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက်

အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲများ ဆက်လက်ကျင်းပပေးလျက်ရှိပြီး စီမံခန့်ခွဲမှု အဆင့်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ လုပ်ငန်းကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း၊ အားနည်းချက်များ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းများကို ဆောင်ရွက် ပေးလျက်ရှိပါတယ်။ သို့ပါ၍ နိုင်ငံတကာနှင့် ပြည်တွင်းကျွမ်းကျင်ပညာရှင်များ ပညာရေးဆိုင်ရာ တာဝန်ရှိသူများပါဝင်တဲ့ နိုင်ငံတော်အဆင့် အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာညီလာခံကို ကျင်းပ ပေးခဲ့ပြီးဖြစ်ပါတယ်။ လုပ်ငန်းကဏ္ဍအလိုက် လေ့လာဆန်းစစ်၍ မြှင့်တင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိခြင်း၊ အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပ၍ စီမံခန့်ခွဲမှု အဆင့်အလိုက်တာဝန်ရှိသူများက အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားခြင်းတို့ကြောင့် လောလောဆယ်တွင် အမျိုးသားအဆင့်ပညာရေးနှီးနှောဖလှယ်ပွဲတစ်ရပ်ကို ထပ်မံကျင်းပပေးရန် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာတင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။ အစည်းအဝေးကို မိနစ် ၂၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၀ း ၄၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၄၀ ခန့် ရပ်နားပါသည်။ ]

**အချိန်၊ ၁၁ း ၂၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ ထပ်မံမေးမြန်းတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ထပ်မံမေးမြန်းချက်နှင့်ပတ်သက်လို့ ကျွန်တော် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ပြန်လည်ဖြေကြားပါ့မယ်ခင်ဗျား။ ထပ်မံမေးတဲ့မေးခွန်းမှာ အချက်နှစ်ချက်ပါရှိပါတယ်။ ပထမအချက်ကတော့ ပြည်သူလူထုအတွင်း အခမ္မခိုင်းစေမှုဖြစ်ပွားလာရင် ဘယ်လိုတိုင်ကြားနိုင်သလဲဆိုတာနှင့်ပတ်သက်လို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေအရထိရောက်စွာ အရေးယူနိုင်ပါတယ်။ တရားရုံးကိုဦးတိုက်လျှောက်ထားပြီးတော့ တရားရုံးတော်ရဲ့အဆုံးအဖြတ်ကို ခံယူရမှာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ကျွန်တော်တို့လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ မိမိတို့စိုက်ပျိုးလိုတဲ့ သီးနှံကိုစိုက်ပျိုးခွင့်မပေးတာနှင့်ပတ်သက်လို့ကတော့ လက်ရှိနိုင်ငံတော်မှာ ဒီလိုအလေ့အထမျိုး မရှိတော့ပါ။ ဥပဒေနှင့်အညီခွင့်ပြုချက်၊ တားမြစ်ချက်တို့မှတစ်ပါး ကိုယ်စိုက်ပျိုးလိုရာကို စိုက်ပျိုးနိုင်ပါတယ်။ ကိုယ်စိုက်ပျိုးလိုရာကို စိုက်ပျိုးခွင့်မပေးမှုဖြစ်ပွားလာရင် တာဝန်ပေးစေခိုင်းသူကို တိုင်ကြားနိုင်ပါတယ်လို့ မိမိအနေနဲ့မှတ်ယူပါကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေးပြီး ၉-၃-၂၀၁၂ ရက်နေ့ကအတည်ပြုခဲ့တဲ့ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၁၂-၃-၂၀၁၂ ရက်နေ့တွင်ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၂၃-၃-၂၀၁၂ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်များဖြင့်ပြန်လည်ပေးပို့လာတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ နည်းဥပဒေခွဲ(က)အရ ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ၂၃-၄-၂၀၁၂ ရက်နေ့တွင်ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သတ်မှတ်ထားတဲ့ ၂၄-

၄-၂၀၁၂ ရက်နေ့ ၁၂း၀၀ နာရီအထိပြင်ဆင်ချက်များကို ဆွေးနွေးရန်အဆိုတင်သွင်းလိုကြောင်း အကြောင်းကြားစာပေးပို့ခြင်းမရှိတဲ့အတွက် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို ယခု လွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူသွားမှာဖြစ်ပါတယ်။ အဆိုမှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဖြန့်ဝေတင်ပြထားသည့် ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၃၊ အခန်း(၃) ခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ(က) (ခ)၊ အပိုဒ် ၅ နှင့် အပိုဒ် ၉ တို့ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များ အတိုင်းအတည်ပြုရန်ဖြစ်ပါတယ်။ ဒီအဆိုကိုလွှတ်တော်က သဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလား။ လွှတ်တော်က သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ နှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီကတင်သွင်းသော ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှတာဝန်ပေးအပ်သူကဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှာကျင်းပပြုလုပ်ခဲ့တဲ့ တတိယပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့မှာ ဖတ်ကြားတင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ ( ခ) အရ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ရှင်းလင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူ နိုင်ငံသားများ၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း

ဂါရ၀ပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ နိုင်ငံတော်၏တိုးတက်ဖြစ်ထွန်းလျက်ရှိသော ခေတ်စနစ်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီသည် အခြေခံဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တည်ဆဲမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေအား ၁၉၈၃ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်တို့တွင်ပြင်ဆင်ခဲ့သော်လည်း ခေတ်နှင့်လျော်ညီစေရန် အသစ်ပြဋ္ဌာန်းနိုင်ရန် ရေးဆွဲပြုစုတင်ပြခဲ့ကြောင်းတွေ့ရှိရပါသည်။

၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေသည် ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံများနှင့်အညီ လိုက်လျောညီထွေမှုရှိရန်လိုအပ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်ကိုက်ညီ၍ အဓိပ္ပာယ်ကောက်ယူမှုလွဲမှားခြင်းမရှိစေရန်နှင့် ရှင်းလင်းလွယ်ကူစေရန်လိုအပ်ခြင်းတို့ကြောင့် ဤဥပဒေအသစ်ပြဋ္ဌာန်းရခြင်းဖြစ်ပါသည်။

၃။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ တင်သွင်းလာသည့် ၂၀၁၂ ခုနှစ်စာစစ်အဖွဲ့ဥပဒေကြမ်းတွင် အခန်း ၃ ခန်းနှင့် ဥပဒေပုဒ်မပေါင်း ၆ ခုပါရှိပါသည်။

၄။ ဥပဒေကြမ်းကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းအား ဥပဒေကြမ်းများစိစစ်ရာတွင် အခြေခံရမည့်မူ ၁၂ ချက်ဖြင့်စိစစ်ခဲ့ကြပါသည်။ ထိုသို့စိစစ်တွေ့ရှိချက်များကို ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များတို့သည် ၂၂-၄-၂၀၁၂ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

၅။ ဥပဒေကြမ်းကော်မတီသည် စာစစ်အဖွဲ့ဥပဒေကြမ်းကို လေ့လာစိစစ်ကြရာ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေခေါင်းစီးတွင်ပါရှိသော “ ၁၃၇၃ ခုနှစ် ” ဆိုသည့်အစား “ ၁၃၇၄ ခုနှစ် ” ဟု ပြင်ဆင်ပြီး ပြဋ္ဌာန်းပြီးသောဥပဒေများနှင့်ညီညွတ်မှုရှိစေရန် အောက်ပါဥပဒေဆိုသည့် စကားရပ်အစား ဤဥပဒေဟုပြင်ဆင်ပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၇ နှင့်ညီညွတ်စေရန်အတွက် အခန်း (၁) ခေါင်းစဉ်ရှိ "အာဏာတည်သည့်နေ့ရက် " စကားရပ်နှင့် အပိုဒ် ၁ အပိုဒ်ခွဲ (ဂ) အားပယ်ဖျက်ခဲ့ပါသည်။

(ဂ) အပိုဒ် ၂ တွင်ပါရှိသော ဤဥပဒေပါစကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပာယ်သက်ဝင်စေရမည်ဆိုသည့် စကားရပ်အား ဥပဒေရေးထုံးနှင့်ဆီလျော်စေရန်အတွက် " ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်ဟု" ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ (က)အားအရေးအသား ကျစ်လစ်စေရန်အတွက် "စာမေးပွဲဆိုသည်မှာ ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ သတ်မှတ်ထားသော အခြေခံပညာရေး သင်ကြားမှုပြီးဆုံးသည့်အခါ ဤဥပဒေအရစစ်ဆေးသော စာမေးပွဲကိုသော် လည်းကောင်း၊ ပြည်ထောင်စုအစိုးရက အဆိုပါစာစစ်အဖွဲ့ကို သီးခြားတာဝန်လွှဲအပ်၍ စစ်ဆေးစေသော အခြားစာမေးပွဲကိုသော်လည်းကောင်းဆိုသည်" ဟုပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ (ခ) ပါ "ပုဒ်မ ၃ အရ " စကားရပ်အစား "ဤဥပဒေအရ" ဟု လည်းကောင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဂ) ပါ "ပုဒ်မ ၄ အရ " စကားရပ်အစား "ဤဥပဒေ အရ" ဟု ဥပဒေရေးထုံးနှင့် ညီစေရန် ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) အပိုဒ်ခွဲငယ် (၅) တွင်ပါရှိသော " ICT သို့မဟုတ် အခြား နည်းပညာတစ်ခုခုဖြင့် ရယူဖြေဆိုခြင်း" ဟူသည့်စကားရပ်အစား ရှင်းလင်းနားလည် သဘောပေါက်စေရန် "နည်းပညာတစ်ခုခုဖြင့်ရယူဖြေဆိုခြင်း" ဟုပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ) အပိုဒ်ခွဲငယ် (၉) အား "အဖြေလွှာအားဆုတ်ဖြဲခြင်း၊ စစ်ဆေး၍ မရအောင်ပြုမူဆောင်ရွက်ခြင်း" ဟုပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ (ဃ)အပိုဒ်ခွဲငယ် (၁၂)အဖြစ် နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် မသမာ သောနည်းများအား ကာကွယ်ဟန့်တားနိုင်ရန်အတွက် "စာစစ်အဖွဲ့က မသမာသော

နည်းဟု အခါအားလျော်စွာ သတ်မှတ်သည့်နည်းလမ်းဖြင့် ဖြေဆိုခြင်းတို့ကိုဆိုသည်" ဟု ထပ်မံဖြည့်စွက်ပါသည်။

(ဈ) ဥပဒေရေးထုံးနှင့်ညီညွတ်စေရန်အတွက်လည်းကောင်း၊ အရေးအသားကျစ်လစ်စေရန် အတွက်လည်းကောင်း အခန်း(၂) ၏ခေါင်းစဉ်အား "စာစစ်အဖွဲ့ဖွဲ့စည်းခြင်း'' ဟု လည်းကောင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ (က) အဖြစ် " ပြည်ထောင်စုအစိုးရသည် အောက်ပါ ပုဂ္ဂိုလ်များပါဝင်စေလျက် စာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်ဟုလည်းကောင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)အဖြစ် "ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် စာစစ်အဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတာဝန်ပေးအပ်မည့် အရာထမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ ၏သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်" ဟုပြင်ဆင်ဖြည့်စွက်ပါသည်။

(ည) အပိုဒ် ၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် (၁)နှင့် (၁၃)ကို " ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူဟုလည်းကောင်း၊ အပိုဒ်ခွဲငယ် (၁၂)အဖြစ် " ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ် များ"ဟုပြင်ဆင်ပါသည်။

(ဋ) ရှေ့နောက်ညီညွတ်မှုရှိစေရန်နှင့် ဥပဒေရေးထုံးဖွဲ့မှုနှင့်အညီဖြစ်စေရန်အတွက် အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)အား " စာစစ်အဖွဲ့တွင် ရာထူးအရမဟုတ်သည့်အဖွဲ့ဝင်များ၏ သက်တမ်းမှာ ၃ နှစ်ဖြစ်သည် " ဟုလည်းကောင်း၊ အပိုဒ် ၄ အား " စာစစ်အဖွဲ့၏လုပ်ငန်းတာဝန်များ မှာအောက်ပါအတိုင်းဖြစ်သည်" ဟုလည်းကောင်း၊ အပိုဒ်ခွဲ(က)အား " ပြည်ထောင်စု အစိုးရအဖွဲ့က ချမှတ်ထားသောပညာရေးဆိုင်ရာမူဝါဒများ၊ ဤဥပဒေအရပြဋ္ဌာန်းသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာမေးပွဲလုပ်ငန်းများကိုစီမံခန့်ခွဲရမည် " ဟုပြင်ဆင် ပါသည်။

(ဌ) အပိုဒ် ၄ အပိုဒ်ခွဲ(င) အပိုဒ်ခွဲငယ် (၃ )တွင် " ပြည်ထောင်စုအစိုးရ" ဟူသည့်စကားရပ် အစားရှေ့နောက်ညီညွတ်စေရန် " ပြည်ထောင်စုအစိုးရအဖွဲ့" ဟုပြင်ဆင်ပါသည်။

(ဍ) အပိုဒ် ၄ အပိုဒ်ခွဲ (စ)တွင်ပါရှိသည့် " ထိုက်သင့်သလို " ဟူသောစကားရပ်သည် ဥပဒေရေးထုံးနှင့်မဆီလျော်ပါသဖြင့် ပယ်ဖျက်ခဲ့ပါသည်။

(ဎ) ဥပဒေရေးထုံးနှင့်ညီညွတ်စေရန်အတွက် မူလအပိုဒ် ၅ အား -

၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန်-

(က) ပညာရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုထုတ်ပြန်နိုင်သည်။

(ခ) စာစစ်အဖွဲ့သည်လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်ဟုပြင်ဆင်ပါသည်။

၆။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီစိစစ်ခဲ့ပြီး လွှတ်တော်မှအတည်ပြုဆုံးဖြတ်နိုင်ရန် နည်းဥပဒေ ၄၅ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှတာဝန်ပေးအပ်သူက ၂၀၁၂ ခုနှစ် အခြေခံပညာရေးဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ (က) အရ ပညာရေးမြှင့်တင်မှုကော်မတီက ၂၀၁၂ ခုနှစ် အခြေခံပညာရေး ဥပဒေကြမ်းကိုတင်သွင်းရန်ဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီအား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမြဦး(အဖွဲ့ဝင်၊ ပညာရေးမြှင့်တင်မှုကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြဦးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ၂၀၁၂ ခုနှစ် အခြေခံပညာရေးဥပဒေကြမ်းကိုတင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ပြည်သူများရဲ့

ပညာရေး၊ ကျန်းမာရေးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ခေတ်မီပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိကျင့်သုံးလျက်ရှိတဲ့ အခြေခံပညာရေးဥပဒေဟာ ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံပညာရေး ဥပဒေဖြစ်ပြီး ၁၉၈၃ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅ ဖြင့်တစ်ကြိမ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၈/၈၉ ဖြင့်တစ်ကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ တိုးတက်ဖြစ်ထွန်းလျက်ရှိတဲ့ခေတ်စနစ်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်လျက် ယခင်ကပြဋ္ဌာန်းခဲ့သောဥပဒေကိုရုပ်သိမ်း၍ အခြေခံပညာရေး ဥပဒေသစ်ပြဋ္ဌာန်းနိုင်ရန် ယခုဥပဒေကြမ်းကိုတင်သွင်းရခြင်းဖြစ်ပါတယ်။ အကြောင်းအကျိုးဖော်ပြချက်အနေနဲ့တင်ပြသွားမှာဖြစ်ပါတယ်။ အခြေခံပညာရေးဥပဒေကို အောက်ပါအချက်များနှင့်အညီ ပြင်ဆင်ရန်လိုအပ်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါအချက်များမှာ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူမှုရေးကဏ္ဍပြဋ္ဌာန်းချက်များနှင့်အညီ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် လက်ရှိပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံများနှင့်အညီ လိုက်လျောညီထွေရှိစေရန် နိုင်ငံတကာပညာရေးစနစ်နှင့်အညီ အဆင့်မီပညာရေးစနစ်ဖော်ဆောင်နေခြင်းကို ပိုမိုအထောက်အကူဖြစ်စေရန် ခေတ်မီသင်ကြားမှု၊ သင်ယူမှုနည်းစနစ်များဖော်ဆောင်ရာတွင် ပိုမိုအထောက်အကူဖြစ်စေရန်နှင့် ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် ခေတ်မီပညာရေးစနစ်ဖော်ဆောင်ရာတွင် ပိုမိုထိရောက်စေရန်တို့ဖြစ်ပါတယ်။ ဒါကြောင့် ယခုတင်ပြမည့်ဥပဒေကြမ်းမှာ -

(၁) အခန်း (၂) ရည်မှန်းချက်ခေါင်းစဉ်အောက်တွင် အခြေခံဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) ပါ အချက်ကိုထည့်သွင်းထားရှိခြင်း၊

(၂) အခြေခံပညာရေးအဆင့်အလိုက် ခေတ်နှင့်အညီ တန်းနှစ်တစ်နှစ်တိုး၍ စာသင်ချိန်နာရီ ပြင်ဆင်သတ်မှတ်ပေးနိုင်ရန် ပြင်ဆင်ဖြည့်စွက်ထားရှိခြင်း၊

(၃) လက်ရှိတွဲဖက်ကျောင်းများ၊ ခွဲကျောင်းများဖွင့်လှစ်ထားရှိခြင်းနှင့် မူအားဖြင့်ကိုက်ညီစေရန် ဖြည့်စွက်ဖော်ပြခြင်း၊

(၄) လက်ရှိပညာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနများဖွဲ့စည်းပုံနှင့် လိုက်လျောညီထွေမှုရှိ စေရန် အခြေခံပညာရေးကောင်စီကို ပြင်ဆင်ဖွဲ့စည်းပေးခြင်း၊

(၅) နိုင်ငံတကာဖြစ်ပေါ်တိုးတက်မှုများနှင့်အညီ ICT နည်းပညာရပ်နှင့် အခြေခံပညာ အဆင့်မှစ၍ ထိရောက်စွာအသုံးချနိုင်ရန် ဖြည့်စွက်ဖော်ပြထားခြင်း၊

(၆) အခြေခံပညာသင်ရိုးညွှန်းတမ်းသင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီတွင် လက်ရှိ ပြည်ထောင်စုဝန်ကြီးဌာန၏ ဦးစီးဌာနများဖွဲ့စည်းပုံနှင့် လိုက်လျောညီထွေရှိ စေရန် တိုးချဲ့ဖွဲ့စည်းခြင်း၊

(၇) အလားတူ ဆရာအတတ်သင်ပညာရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များကို လက်ရှိ ပြည်ထောင်စုပညာရေးဝန်ကြီးဌာန၏ ဦးစီးဌာနများဖွဲ့စည်းပုံနှင့် လိုက်လျောညီထွေ ရှိစေရန် တိုးချဲ့ဖွဲ့စည်းခြင်း၊

(၈) ဆရာအတတ်သင်သိပ္ပံကျောင်းများကို ခေတ်နှင့်အညီ ပညာရေးကောလိပ်သို့ ပြင်ဆင် ဖော်ပြခြင်းတို့ပါရှိပါတယ်။

သို့ပါ၍ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြုစုထားသော ၂၀၁၂ ခုနှစ် အခြေခံပညာရေးဥပဒေကြမ်းကို လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးအထူး ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီကတင်သွင်းသော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် နည်းဥပဒေ ၁၅၆ အရ ၂၀၁၂ ခုနှစ် အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာ ပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၉-၄-၂၀၁၂ ရက်နေ့ ၁၆း၀၀ နာရီအချိန်နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာ ပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၂၁) ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ထပ်မံကြေညာပြီး ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁ း ၄၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၁၁း၄၅ နာရီတွင် ရပ်နားပါသည်။]